FINANCIAL REGULATORY DEPARTMENT

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
# နေပြည်တော်

ဖုန်း- ၀၆၇ ၃၄၁၀၅၄၈၊ ၀၆၇ ၃၄၁၀၁၉၀၊ အီးမေးလ် - mfi@frd.gov.mm

စာအမှတ်၊ ငကစ/ကက-၆(၂၈၅) /၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၄ ရက်

အကြောင်းအရာ။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်နေသော INGO ၊ NGO အဖွဲ့အစည်းများ ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရန် အကြောင်းကြားခြင်း

ရည်ညွှန်းချက်။ (၁) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၇-၅-၂၀၁၉ ရက်နေ့ရက်စွဲပါ စာအမှတ်၊ ၂(၆)၁-၃/နပတ(၅၄)

(၂) ပြည်ထဲရေးဝန်ကြီးဌာန၏ ၉-၂-၂၀၁၉ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ပထရ/၄၁၂၀(၅)/ဦး ၅

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ၃၀-၁၁-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (၁၃) ဖြင့် ပြဋ္ဌာန်းပြီးနောက် အသေးစားငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဧပြီလ အထိ INGO (၃)ဖွဲ့၊ NGO (၁၆) ဖွဲ့၊ ပြည်ပကုမ္ပဏီ (၄၇) ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ (၁၁၀) ဖွဲ့၊ အစုစပ်ကုမ္ပဏီ (၅) ဖွဲ့ စုစုပေါင်း (၁၈၁) ဖွဲ့အား လိုင်စင်ထုတ်ပေးထားပြီးဖြစ်ပါသည်။

၂။ အဆိုပါလိုင်စင်ခွင့်ပြုထုတ်ပေးထားသည့် (၁၈၁) ဖွဲ့အနက် INGO၊ NGO အဖွဲ့အစည်းများအား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိ/မရှိ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ရာ အောက်ဖော်ပြပါ အတိုင်း ပြန်ကြားလာပါသည်-

(က) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေပုဒ်မ ၂(ည) တွင် "ပြည်တွင်းအသင်း အဖွဲ့ (NGO) ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသား အကျိုးလို့ငှာ ဖွဲ့စည်းပုံ အခြေခံပါ အခွင့်အရေးများနှင့် အညီ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခု အတွက်သော်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက်သော်လည်း ကောင်း၊ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော လူအများစုပေါင်း ဖွဲ့စည်းထားသည့် အကျိုးအမြတ်မယူသော နိုင်ငံတော်အတွင်း လူမှုရေးအဖွဲ့ကို ဆိုလိုသည်။ ယင်းစကား ရပ်တွင် အသင်းအဖွဲ့များ၏ အဖွဲ့ခွဲများ လည်းပါဝင်သည်"ဟု ဖော်ပြထားကြောင်း၊

(ခ) ပုဒ်မ ၂(ဋ) တွင် "အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ဆိုသည်မှာ (INGO) ဆိုသည်မှာ နိုင်ငံခြား တိုင်းပြည်တစ်ခုခုတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် နိုင်ငံတော်အတွင်း

လူမှုရေးလုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ရည်ရွယ်သော အဖွဲ့အစည်းကိုဆိုသည်" ဟု ဖော်ပြထားကြောင်း၊

(ဂ) ပုဒ်မ ၁၉(က) တွင် "မှတ်ပုံတင်ခွင့်လျှောက်ထားရန် မလိုသော အသင်းအဖွဲ့များမှာ ဘာသာရေး၊သာသနာရေးနှင့် စီးပွားရေး သက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့များသည် မှတ်ပုံတင်ခွင့် လျှောက်ထားရန် မလို"ဟု ဖော်ပြထားကြောင်း၊

(ဃ) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၂၇ တွင် "မှတ်ပုံတင်လျှောက်ထားသော အသင်းအဖွဲ့များသည် နိုင်ငံတော်အတွင်း လူမှုရေးကဏ္ဍ တစ်ရပ်ရပ်ကို ရွေးရှုဆောင်ရွက်ရန် ဖြစ်သည်"ဟု ပြဋ္ဌာန်းထားပါသဖြင့် ငွေရေးကြေးရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းသည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိပါကြောင်း၊ ငွေကြေးအကျိုးအမြတ်ရယူလုပ်ကိုင်နေသော အဖွဲ့ဖြစ်ပါက ၂၀၁၇ ခုနှစ်၊ ကုမ္ပဏီများ ဥပဒေနှင့်အညီ ပြောင်းလဲမှတ်ပုံတင်ပြီးမှသာ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သင့်ပါကြောင်း၊

(င) ပြည်တွင်းအသင်းအဖွဲ့ (NGO) ၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (INGO) များသည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ပါက အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆက်လက် ဆောင်ရွက်ခွင့်မရှိကြောင်း နှင့် ယင်းအဖွဲ့များ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုလျှင် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ရန်မလိုဘဲ ၂၀၁၇ ခုနှစ်၊ ကုမ္ပဏီဥပဒေ နှင့်အညီ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ရန်လိုအပ်ပြီး အသေးစားငွေရေး ကြေးရေးလုပ်ငန်း လိုင်စင်ရရှိရန် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၃။ သို့ဖြစ်ပါ၍ လက်ရှိအသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်နေသော ပြည်တွင်းအသင်းအဖွဲ့ (NGO) ၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (INGO) များအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆက်လက်လုပ်ကိုင်လိုပါက ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်း၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ပြန်လည်လျှောက်ထားရန် အကြောင်းကြားပါသည်။

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

Pact Global Microfinance Fund

The Association of Medical Doctor of Asia
Enterpreneurs du Monde (EDM)
မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့်လက်လုပ်လက်စားများအသင်းစု
မြန်မာနိုင်ငံယုဝတီခရစ်ယာန်အသင်း
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဖောင်ဒေးရှင်း
ရွှေသုခအသေးစားငွေရေးကြေးရေးလုပ်ငန်း
စကားဝါမြေလယ်ယာကုန်ထုတ်နှင့်လက်လုပ်လက်စားများအသေးစားငွေရေးကြေးရေးအဖွဲ့
ဘဝနေခြည်လူမှုဘဝမြှင့်တင်ရေး
မင်္ဂလာမြန်မာအသင်း
ကရင့်အားမာန်စုပေါင်းစီးပွားရေးလုပ်ငန်း
စေတနာငွေစုငွေချေးအသင်း
မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း
အနာဂတ်အလင်းတန်းဖောင်ဒေးရှင်း
ဒက္ခိဏာသီရိဖောင်ဒေးရှင်း
ဧယျာပဒေသာဖောင်ဒေးရှင်း
ဧယျာရတနာလယ်ယာကုန်ထုတ်နှင့်လက်လုပ်လက်စားများအသင်း
မျှဝေရွှင်လန်းခြင်းအသင်း
ဝုန်းမေတ္တာငွေစုငွေချေးအသင်း